# ၁၉၅၀ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၀ ခုနှစ်၊ အက်ဥပဒေ အမှတ် ဂ။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၀ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၄၀ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေပုဒ်မ ၅၄ တွင် ''ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်ငွေစာရင်းကို တင်သွင်းရန်ပျက်ကွက်ခဲ့သော်၊'' ဆိုသည့်စကားရပ်အစား၊ ''ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို၊ ပြဋ္ဌာန်းထားသောအချိန်ကာလ အတွင်းတွင်၊ ထိုသို့ ပြဋ္ဌာန်းထားသောနည်းလမ်းနှင့်အညီတင်သွင်းရန် ပျက်ကွက်ခဲ့သော်၊''ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၅၇ တွင်—

(က) ပုဒ်မခွဲ(၃)၌ ''အထက်ပုဒ်မခွဲ (၁) နှင့် (၂)တွင် ရည်ညွှန်းသောကန့်ကွက်ချက်ကိုသော်၎င်း၊ ကန့်ကွက်လွှာကိုသော်၎င်း'' ဆိုသည့်စကားရပ်နောက်တွင်၊ ''ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းကို၊ ပြဋ္ဌာန်းထားသော အချိန်ကာလအတွင်းတွင်၊ ထိုသို့ပြဋ္ဌာန်းထားသောနည်းလမ်းနှင့်အညီ တင်သွင်းရန်ပျက်ကွက်သဖြင့် အခြေခံဥပဒေပုဒ်မ ၇၄ (၁) (ဆ) အရ၎င်း၊ ဤအက်ဥပဒေပုဒ်မ ၅၄ အရ၎င်း၊ အရည်အချင်းပျက်ယွင်းသည်ဟုဖေါ်ပြသည့် ရွေးကောက်ပွဲတာဝန်ခံအရာရှိ၏ အစီရင်ခံစာကိုသော်၎င်း၊'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ(၄)၌ '' ထင်မြင်ယူဆချက် '' ဆိုသည့်စကားရပ်အစား၊ '' ဆုံးဖြတ်ချက် '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ဂ) ပုဒ်မခွဲ (၄) နောက်တွင်၊ အောက်ပါကို ပုဒ်မခွဲ (၄-က) အဖြစ် ထည့်သွင်းရမည်။

''(၄-က) အစီရင်ခံစာကိုရရှိသောအခါ နိုင်ငံတော်သမတ သည်၊ အစီရင်ခံစာကို အစိုးရပြန်တမ်းတွင်ထုတ်ပြန်ကြေညာရမည်။ ခုံတော်အဖွဲ့၏ဆုံးဖြတ်ချက်သည် အဆုံးသတ် အပြီးအပြတ် အတည်ဖြစ်စေရမည်။''

၄။ ။အဆိုပါအက်ဥပဒေ၏ ပဉ္စမဇယားပါ တရားမဲ့ပြုကျင့်မှုများစာရင်းတွင် အမှတ်စဉ် ၁၃ ကိုပယ်ဖျက်ရမည်။

အတိုး—၁၀ ပြား]

ပ၊မ၊ဗစ၊—အမှတ် ၁၅၁၊ တရားရေးဝန်ကြီးဌာန၊ ၂၄-၅-၅၀—၂,၂၀၀—၂။